စိတ်ကူးချိုချိုအနုပညာ

mgyoe.com

အမှတ် ၂

# လောကနီတိ

## ပညာရှိနှင့်သူတော်ကောင်းဆိုင်ရာအခန်း

# ပုံပြဆေးရောင်ခြယ်

ကာတွန်းဗိုသံ စီစဉ်သည်




mgyoe.com

mgyoe.com



**သင့်ကလေးကို**
**ဖေဆးရောင်ခြယ်ဆော့ကစားရင်း**
**လောကနီတိများကို**
**မှတ်သားမိသွားစေပါမည်။**

လောကာ လူအပေါင်းတို့၏
အနှစ်သာရလည်း မည်၏။
မိဘလည်း မည်၏။
ဆရာလည်း မည်၏။
အဆွေခင်ပွန်းလည်း မည်၏။
ထို့ကြောင့် နီတိကျမ်းကို
သင်ကြားတတ်မြောက်သော
လူအပေါင်းသည်
အကြားအမြင့်များသော၊
ဖြင့်မြတ်သော ဉာဏ်ကြီးရှင် ဖြစ်၏။
လောကနီတိ

BOT0004
500.00 KS
mgyoe.com

mgyoe.com


mgyoe.com

mgyoe.com

လောကနီတိရဲ့ပညာရှိဆိုင်ရာ အခန်းကို
ဆေးရောင်ခြယ်စာအုပ် အမှတ်(၁) အနေနဲ့
စီစဉ်ထုတ်ဝေပြီးတဲ့နောက်
ဆေးရောင်ခြယ်စာအုပ် အမှတ်(၂)ကို
ထပ်မံစီစဉ်ပေးလိုက်ပါတယ်။
သားသား၊ မီးမီးတို့အတွက်
ပညာ၊ ဗဟုသုတပြည့်စုံပြီး
ယဉ်ကျေးလိမ္မာရှိစေဖို့ လောကနီတိရဲ့
အခြားအခန်းကဏ္ဍများကိုလည်း
ဆက်လက်စီစဉ်ပေးဦးမှာ ဖြစ်ပါတယ်။
ကဲ.... ပျော်ရွှင်ဖွယ်ဖြစ်အောင်
ပုံလှလှလေးတွေကို ဆေးရောင်ခြယ်ကြစို့။

ဦးဦးဗိုသံ







ထုတ်ဝေသူ - ဦးစန့်ဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းသာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မဟိုနိုင်လမ်း၊ ရန်ကင်း။
စောင်ရေ - ၅၀၀။

F1 A (LKRT 2)


mgyoe.com

mgyoe.com



လူလိမ္မာသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရငြားသော်လည်း
လျှာသည် ဟင်းအရသာကို သိသကဲ့သို့ ထိုလူလိမ္မာသည် တရားအရသာကို လျင်မြန်စွာသိ၏။

mgyoe.com




သူရဲကောင်းသည် လက်နက်မပါဘဲ စစ်မြေသို့ မသွားရာ၊
ပညာရှိသည် ကျမ်းဂန်နှင့်ကင်းပြီး စကားမဆိုရာ၊
စဉ်းစားဉာဏ်ရှိသော ရပ်ဝေးကုန်သည်နှင့် ဒေသသစ် ခရီးသည်တို့သည်လည်း
အဖော်မပါဘဲ မသွားရာ။

mgyoe.com



ပညာရှိသည် (မိမိ)၏ ဥစ္စာပျက်စီးခြင်းကိုလည်းကောင်း၊ စိတ်ဆင်းရဲခြင်းကို လည်းကောင်း၊ အိမ်တွင်းဒုစရိုက်ကို လည်းကောင်း၊ လှည့်ပတ်ခံရခြင်းကို လည်းကောင်း၊ မထီမဲ့မြင်ပြုခံရခြင်းကို လည်းကောင်း ထုတ်ဖော်မပြရာ။

mgyoe.com



အရေးအခွင့်နှင့်လျော်သော စကားကို လည်းကောင်း၊
မိမိအားလျော်သော ချစ်အပ်သူကိုလည်းကောင်း၊
မိမိနှင့်တန်ရုံသော အမျက်ကို လည်းကောင်း သိမြင်ခံယူတတ်သောသူသည် ပညာရှိမည်၏။

mgyoe.com



ဥစ္စာမရှိဘဲနှင့် အစားကြူးသူ၊
ခွန်အားမရှိဘဲနှင့် အသတ်ကြူးသူ၊
ပညာမရှိဘဲနှင့် စကားကြူးသူ၊
ထိုသုံးဦးတို့သည် အရှုံးနှင့် တူကြကုန်၏။

mgyoe.com



mgyoe.com

သူမခေါ်ဘဲလျက် အလည်အပတ်များသောသူ၊
သူမမေးဘဲလျက် အပြောအဆိုများသောသူ၊
မိမိဂုဏ်ကို ကြွားဝါတတ်သောသူ၊
ထိုသုံးရပ်သည် လူယုတ်တို့၏ အမှတ်အသားတည်း။

mgyoe.com



mgyoe.com

ရုပ်ဆင်းချို့တဲ့သောသူသည် စကားများတတ်၏။

ပညာချို့တဲ့သောသူသည် ပလွှားတတ်၏။

ရေချို့တဲ့သောအိုးသည် ဘောင်ဘင်ခတ်တတ်၏။

နို့ရည်ချို့တဲ့သော နွားမသည် ကန်တတ်၏။

mgyoe.com



ဖားသည် ဆောင့်ကြောင့်ထိုင်တတ်ကာမျှဖြင့် (မိမိကိုယ်မိမိ) ခြင်္သေ့ဟုထင်၏။
ကျီးချီးသောအခါတွင်ကား ပိယတ်ပိယတ် ဟုမြည်တတ်၏။
ပညာမဲ့သည်လည်း (မိမိကိုယ်မိမိ) ပညာရှိဟု ထင်ခြင်းကြောင့်
ပညာရှိက မေးမြန်းသောအခါတွင်ကား ငါ့ရှင် ငါ့ရှင့်ဟုသာ ဆိုတတ်၏။

mgyoe.com